**အရေးပေါ်ထုတ်ပြန်ချက်။ ။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အရေးအခင်း နောက်ဆုံးအခြေအနေနှင့် အဓိကသတင်းအချက်အလက်များ**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လူသားချင်းစာနာမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်နေသော ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့မှ လက်ရှိဖြစ်ပေါ်ပြင်းထန်လာသော ပဋိပက္ခများနှင့် IDP ၁၇,၀၀၀ ဦးကျော် နေထိုင်သော IDP စခန်း(၄)ခု ရှိနေသည့် လိုင်ဇာမြို့အနီးတွင်ဖြစ်ပွားခဲ့သော စစ်ရေးအခြေအနေများအကြောင်း အလေးထားတင်ပြလိုပါသည်။ IDP များ၏ လုံခြုံရေးနှင့် ကာကွယ်ရေးထောက်ပံ့မှုအစီအစဉ်များ၊ ထို့အတူ KIO ထိန်းချုပ်နယ်မြေအတွင်းရှိ IDP များအတွက် လူသားချင်းစာနာမှုဆိုင်ရာကူညီဆောင်ရွက်မှုများအား နှောင့်နှေးကြန့်ကြာမှုမရှိ ဆောင်ရွက်နိုင်ရေး အရေးတယူဆောင်ရွက် ကူညီပေးရန် ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့က မေတ္တာရပ်ခံတောင်းဆိုပါသည်။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ နှင့် ၂၂ ရက်နေ့များတွင် မြန်မာအစိုးရ တပ်မတော်သည် မိုင်ဂျာယန်နယ်အတွင်း အင်ခေါင်းပါ IDP စခန်းအနီးရှိ ဘွမ်ကထောင် နှင့် မထန်ကျေးရွာ၊ လိုင်ဇာနယ်အတွင်း လူပေါင်း (၈,၀၀၀) ကျော် နေထိုင်သော ဂျယ်ယန် IDP စခန်းအနီးရှိ ဂျာထုကောင်သို့ အမြောက်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

ဒုက္ခသည်မိသားစုများသည် လက်ရှိအခြေအနေအပေါ် လွန်စွာစိုးရိမ်ပူပန်မှုများရှိနေပြီး၊ နေရပ်စွန့်ခွာရွှေ့ပြောင်းခံရမှုများ မလွဲမသွေထပ်မံဖြစ်ပွားလာမည်ကိုလည်း စိုးရိမ်ကြောက်ရွံ့နေကြပါသည်။ ဒုက္ခသည်စခန်း အများစုမှာ မြန်မာ-တရုတ်နယ်စပ်တွင်တည်ရှိသဖြင့် တိုက်ပွဲများပြင်းထန်လာပါက ဒုက္ခသည်များသည် တရုတ်နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်နေထိုင်ခြင်းမှလွဲ၍ အခြားရွေးချယ်စရာလမ်းမရှိပါ။ မိမိတို့ ယခင်ကြုံတွေ့ခဲ့ရသည့် ပြန်လည်မောင်းထုတ်ခံခဲ့ရသောအတွေ့အကြုံများကြောင့် နယ်စပ်ဖြတ်ကျော်မှုလည်း မပြုလိုကြပါ။ တချိန်တည်းမှာပင် ကုလသမဂ္ဂအဖွဲ့၏ နယ်မြေဖြတ်ကျော်ပံ့ပိုးမှုအစီအစဉ်အရ နိုဝင်ဘာလတွင် ရရှိရမည့် အခြေခံစားနပ်ရိက္ခာထောက်ပံ့မှုအစီအစဉ်သည်လည်း နှောင့်နှေးပြောင်းလဲသွားခဲ့သည့်အတွက် လိုင်ဇာရှိ IDP တို့သည် စားနပ်ရိက္ခာပြတ်လတ်မှုနှင့် ကြုံတွေ့နေရသည်။

IDP များ၏ အသက်အိုးအိမ်နှင့် လုံခြုံရေးကိုခြိမ်းခြောက်ပြီး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကိုနှောင့်နှေးစေသည့် ယင်းအခြေအနေများကြောင့် **ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများသည် IDPတို့၏ အရေးပေါ်လိုအပ်ချက်များနှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးတို့အတွက် တက်ကြွစွာ တုံ့ပြန်ဆောင်ရွက်နေပြီး** သက်ဆိုင်သူများအားလုံးထံသို့ အောက်ဖော်ပြပါ **အရေးပေါ်အဓိကသတင်းအချက်အလက်များ**ကို ထုတ်ပြန်တင်ပြတောင်းဆိုအပ်ပါသည်။

၁။ **ကျွန်ုပ်တို့သည် နစ်ဖက်တိုက်ခိုက်မှုများကို ချက်ချင်းရပ်စဲရန် တိုက်တွန်းပါသည်။** မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများအား ငြိမ်းချမ်းစွာဖြေရှင်းခြင်းသည် နိုင်ငံနှင့် ပြည်သူများ၏ အနာဂတ်အတွက် အရေးကြီးသော ဦးစားပေးမှုတစ်ရပ်ဖြစ်သည်။ ယခင်က ရရှိထားပြီးသော သဘောတူညီမှုများအား နစ်ဦးနစ်ဘက်မှ ချိုးဖောက်ခြင်းမပြုသင့်ပဲ၊ အဆိုပါသဘောတူညီမှုများအား ချက်ချင်းအကောင်အထည်ဖေါ်ဆောင်ရမည်ဖြစ်သည်။

၂။ **ကျွန်ုပ်တို့သည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် လူ့အခွင့်အရေး ဥပဒေများအား အပြည့်အဝလေးစားလိုက်နာရန် တောင်းဆိုပါသည်။** ပဋိပက္ခတွင်ပါဝင်သည့်အဖွဲ့များ အားလုံး (မြန်မာအစိုးရ တပ်မတော်နှင့် ကေအိုင်အေ)တို့သည် အရပ်သားတို့၏အခွင့်အရေးကို လေစားလိုက်နာ၍ အရပ်သားနှင့် စစ်မှုထမ်းများအကြား ခွဲခြားသတ်မှတ်မှုဆိုင်ရာ အခြေခံမူသဘောတရားများအား လိုက်နာရမည်ဖြစ်ပြီး၊ အရပ်သားနစ်နာသူများအား ပစ်ခိုက်တိုက်ခိုက်မိခြင်း မရှိစေရန် သတိထားပြုမူရမည်။ ထို့အပြင် အရပ်သားများအပေါ် "အသက်နှင့်ခန္ဓာကိုယ်ကို အကြမ်းဖက်ခြင်း၊ ရက်စက်စွာဆက်ဆံ ပြုမူခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်း၊ လူ့ဂုဏ်သိက္ခာအပေါ်ရမ်းကားမှု၊ အထူးသဖြင့် အရှက်တကွဲဖြစ်စေပြီး ဂုဏ်သိက္ခာကျဆင်းစေသည့် ဆက်ဆံခံရမှုများ" မရှိစေရန် တာဝန်ယူရမည်။

၃။ **ပြည်တွင်း၌ နေရပ်စွန့်ခွာပြောင်းရွှေ့နေရသူများအတွက် ကာကွယ်စောင့်ရှောက်ရေးနှင့်လုံခြုံရေးသည် အရေးပေါ်စိုးရိမ်ဖွယ်ရာဖြစ်သည်။** ထိုအချက်သည် လူတိုင်းအတွက် **ပထမဦးဆုံးနှင့် အရေးကြီးဆုံးသော ဦးစားပေးမှုတစ်ရပ်** ဖြစ်သင့်ပါသည်။ ကာကွယ်စောင့်ရှောက်ရေးနှင့် လုံခြုံရေးတွင် အောက်ပါအချက်များ ပါဝင်သင့်ပါသည်။

(က) အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေအရ IDP စခန်းများအား စစ်ဘက်ဆိုင်ရာမှ ကျူးကျော်ဝင်ရောက်ခြင်း၊ ကျူးကျော်တိုက်ခိုက်ခြင်းမဖြစ်ပွားစေရန် ကာကွယ်စောင့်ရှောက်ရမည်။

(ခ) လူသားချင်းစာနာထောက်ထားမှုလုပ်ဆောင်ချက်များကို ချက်ချင်းအားဖြည့်ဆောင်ရွက် သင့်သည်။ ထိုသို့ အားဖြည့်ရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြားဝင် ဆောင်ရွက်မှုကဏ္ဍအားလုံး ပါဝင်ရမည်။ အထူးသဖြင့်အောက်ပါအချက်များ ပါဝင်ရပါမည်။

- **စိတ်ပိုင်းဆိုင်ရာကူညီထောက်ပံ့မှုကိုချက်ချင်းပေးရန်** (အချိန်မနှောင်းမီ)။ IDP များအကြား မျှော်လင့်ချက်နှင့် စိတ်ဓါတ်ခွန်အားများ မြှင့်တင်ထားပေး သင့်ပါသည်။
- **အစားအစာ**။ IDP များမှ အစာရေစာပြတ်လတ်မှုအတွက်စိုးရိမ်ပူပန်ရခြင်း ထပ်မံမဖြစ်ပေါ်စေသင့်ပေ။ အနည်းဆုံး ၆လတာ စိတ်ချရမည့် အစားအစာ ပမာဏကို သေချာစေရန် အလှူရှင်များမှ ကတိကဝတ်ပြုလုပ်ဆောင်သင့်ပါသည်။
- **ပညာရေး**။ လက်ရှိလုပ်ဆောင်နေသည့် ပညာရေးဆိုင်ရာ စီမံချက်များကို ဆက်လက် ထိန်းသိမ်းထားရှိခြင်းနှင့် အားဖြည့်ကူညီခြင်း။
- **အမိုးအကာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာအစီအစဉ်**။ အမိုးအကာများ ပြန်လည် မွမ်းမံခြင်း၊ ပိုမိုတိုးတက်ကောင်းမွန်အောင်လုပ်ပေးခြင်းနှင့် အသက်မွေး ဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ အလေးထား ဆောင်ရွက်ပေးခြင်း။

၄။ IDP လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လက်လှမ်းမှီမှု။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များ အတားအဆီးမရှိ လက်လှမ်းမီရောက်ရှိဆောင်ရွက်နိုင်ခွင့်ကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအား ပေးအပ်ထားသင့်ပါသည်။ INGO များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အားဖြည့်ပါဝင်ဆောင်ရွက်မှုများသည် **အစိုးရမဟုတ်သောဒေသခံအဖွဲ့အစည်းများအား** တွဲဘက်ကူညီထောက်ပံ့မှုများပေးနိုင်ရန်အတွက် ဦးတည်ပြုလုပ်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ရေရှည်ရှုထောင့်တစ်ခုအားဖြင့် အခိုင်အမာရှိရမည့်နည်းဗျူဟာတစ်ခုဖြစ်သင့်ပြီး၊ လုံခြုံရေးအခြေအနေမတည်ငြိမ်မှုအပေါ် အခြေမခံသင့်ပါ။

၅။ **ကျွန်ုပ်တို့သည် နိုင်ငံတကာနှင့်ပြည်တွင်းရှိ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများအပြင် အလှူရှင် အသိုင်းအဝိုင်းတို့အား အရေးပေါ်လိုအပ်နေသော လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် မူဝါဒရေးရာအားဖြည့်အကူအညီများပေးရန် တောင်းဆိုပါသည်။** လက်ရှိဖြစ်ပေါ်လာသည့် အခြေအနေအသစ်များနှင့် IDP စခန်းများတွင် လူသားချင်းစာနာမှုအကူအညီများ ပိုမိုကြာရှည်စွာပေးရမည့် အနာဂတ်ဖြစ်နိုင်ခြေကိုမျှော်မြင်အခြေခံ၍ **လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် မိမိတို့လက်ရှိအကောင်အထည် ဖော်ဆောင်လျှက်ရှိသည့် စီမံချက်များကို ပြန်လည်မွမ်းမံရေးဆွဲသင့်ပါသည်။ အနာဂတ်တွင် ငြိမ်းချမ်းရေးနှင့် လုံခြုံစွာနေရပ်ပြန်ရေးအတွက် လမ်းခင်းပေးနိုင်ရန် ယခုအချိန်တွင် လုံခြုံစိတ်ချရသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှု**အား ကျွန်ုပ်တို့ တောင်းဆိုပါသည်။

ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့

၂၀၁၄ခုနှစ် နိုဝင်ဘာလ ၂၇ ရက်

ဆက်သွယ်ရန်: Gum ShaAwng, gum.sha.awng@metta-myanmar.org (+95 95192913),

Rose Mary, crazy13rm@gmail.com (+95 95065632)

**ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့ အဖွဲ့ဝင်များ** – Bridging Rural Integrated Development and Empowerment (BRIDGE), Kachin Baptist Convention (KBC), Kachin Relief and Development Committee (KDRC), Kachin Women Association (KWA), Kachin Development Group (KDG), Karuna Myanmar Social Services (KMSS), Metta Development Foundation (Metta), Nyein (Shalom) Foundation and WunpawngNinghtoi (WPN).